## ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု ဗဟိုဦးစီးအဖွဲ့၏ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲနှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်ပါဝင်ရေးအပေါ် ရှင်းလင်းထုတ်ပြန်ချက်

နိုင်ငံတစ်နိုင်ငံတွင် ကြုံတွေ့နေရတဲ့ အကြပ်အတည်းများကို လွတ်လပ်တဲ့ရွေးကောက်ပွဲတစ်ရပ်ပြုလုပ်ပြီး အနိုင်ရပါတီကို အာဏာလွှဲလိုက်ရင် ပြဿနာပြေလည်သွားလိမ့်မယ်။ ပြောင်းလဲတိုးတက်သွားလိမ့်မယ်ဆိုတဲ့ အယူအဆဟာလက်တွေ့ဘဝမှာ ဘယ်လိုမျှမအောင်မြင်နိုင်ဆိုတာကို နိုင်ငံတကာအခြေအနေတွေက သက်သေပြလျက်ရှိပါတယ်။ ဒီကနေ့ ပါလက်စတိုင်း၊ အီရတ် စတဲ့နိုင်ငံတွေက ပိုမိုသိသာထင်ရှားလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးသုတေသီတွေ၊ လူမှုသိပ္ပံပညာရှင်တွေ၊ နိုင်ငံခေါင်းဆောင်တွေက ဒီ့ထက်ပိုမိုပြည့်စုံလုံလောက်တဲ့ အဖြေကို ရှာဖွေဖော်ထုတ်လျက်ရှိပါတယ်။ လူ့အဖွဲ့အစည်းဟာ မိမိသမိုင်းကိုမိမိဖန်တီးတယ်။ ဒါပေမယ့် လူတို့စိတ်အလိုဆန္ဒရှိတိုင်း မဖန်တီးနိုင်၊ လူ့စိတ်ကြိုက် အခြေအနေတွေနဲ့မဖန်တီးနိုင်၊ အတိတ်မှ လက်ဆင့်ကမ်းပေးလိုက်တဲ့ အခြေအနေအောက်မှသာ ဖန်တီးရတာဖြစ်တယ်လို့ လူမှုသိပ္ပံပညာရှင်တို့ကလည်းဆိုပါတယ်။

၁။ မြန်မာနိုင်ငံတွင် ဦးစားပေးလိုအပ်နေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြုရေး ရွေးကောက်ပွဲကို ၁၉၉၀ပြည့်နှစ်တွင် လွတ်လပ်စွာကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲမျိုးကို မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ လွတ်လပ်ရေးပေးဖို့ နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေမရှိတဲ့အတွက် ၁၉၄၇ ခုနှစ်မှာ တစ်ကြိမ်ကျင်းပခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲမှာ အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ညှိနှိုင်းရေးဆွဲပြီး တာဝန်ပြီးဆုံးခဲ့ပါတယ်။ ဒါကြောင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဟာလည်း နိုင်ငံတော်မှာ ဦးစားပေးလိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ရွေးကောက်ပွဲသာဖြစ်ပါတယ်။ လွှတ်တော်ခေါ်အစိုးရဖွဲ့ပြီး အာဏာလွှဲဖို့မဟုတ်ပါ။

၂။ အဲဒီရွေးကောက်ပွဲမှာ အများစုအရွေးချယ်ခံရတဲ့ နိုင်ငံရေးပါတီကချက်ချင်းလွှတ်တော်ခေါ်ပြီး အာဏာလွှဲဖို့တောင်းဆိုလာတဲ့အတွက် တည်ဆဲတပ်မတော်အစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင်ကြုံလာခဲ့ရတယ်။ အစိုးရက ၁/၉၀ ထုတ်ပြန်တားမြစ်လာခဲ့ရတယ်။ နောက်ဆုံး ၁၉၉၂ ခုနှစ်မှာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အများစုအရွေးချယ်ခံရတဲ့ပါတီမှ ကိုယ်စားလှယ်များ အခြားသော တရားဝင်ပါတီများမှကိုယ်စားလှယ်များ၊ အရွေးချယ်ခံကိုယ်စားလှယ်များနဲ့အစိုးရတို့ အကြိမ်ကြိမ်ညှိနှိုင်းသဘောတူချက်ရယူပြီး ပိုမိုကျယ်ပြန့်သော လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံပါဝင်တဲ့ အမျိုးသားညီလာခံခေါ်ယူကျင်းပရေးလမ်းကို ရွေးချယ်ခဲ့ပါတယ်။ ဒါကြောင့်ရွေးကောက်ပွဲတွင် အရွေးချယ်ခံရတဲ့ အရွေးချယ်ခံကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော လူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ အသိပညာရှင် အတတ်ပညာရှင်ပေါင်းစုံပါဝင်သော အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပလာခဲ့ပါတယ်။ NLD အပါအဝင်၊ တရားဝင်နိုင်ငံရေးပါတီအားလုံးနဲ့အရွေးချယ်ခံကိုယ်စားလှယ်များပါ ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဒီအချိန်ကစပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ရယ်လို့ ဘယ်လိုမှ သီးခြားမရှိနိုင်တော့ပါ။ ယနေ့ဆိုလျှင် ၁၉၉၀ ပြည့်ခုနှစ် ရွေးကောက်ပွဲကာလဟာ ၁၇ နှစ်ကျော်လာပြီဖြစ်တဲ့အတွက် ဒီမိုကရေစီထုံးတမ်းစဉ်လာအရ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ပျက်ပြယ်သွားမည်သာဖြစ်ပါတယ်။ လက်ရှိအမျိုးသားညီလာခံကြီးသာလျှင်တရားဝင်ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးမြောက်တော့မယ်ဖြစ်ပါတယ်။ ဒီကတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်အတည်ပြုပြီးရင် ဒီမိုကရေစီနိုင်ငံတော်သစ် မရှည်ဝေးတဲ့ကာလမှာ ပေါ်ပေါက်လာတော့မယ်ဖြစ်ပါတယ်။

၃။ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးဟာ ဒီကနေ့မြန်မာနိုင်ငံရဲ့သမိုင်းပေးလိုအပ်ချက်ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းကို ခြုံငုံလေ့လာကြည့်တဲ့အခါ ပြည်တွင်းနိုင်ငံရေး မတည်မငြိမ်ဖြစ်ပွားပြီး လူမှုစီးပွားရေးတွေကျဆင်းလာတာနဲ့အမျှ တပ်မတော်က ကျယ်ပြန့်စွာဝင်ရောက်တာဝန်ယူရလေ့ရှိတာကို တွေ့နေရပါတယ်။ မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် ပါဝင်လာခဲ့ပါတယ်။ မြန်မာဖက်ဆစ်တော်လှန်ရေးတွင် ကွန်မြူနစ်ပါတီကိုယ်စားလှယ်ရယ်၊ တပ်မတော်ကိုယ်စားလှယ်ရယ်၊ ပြည်သူ့အရေးတော်ပုံ ပါတီကိုယ်စားလှယ်ရယ်တို့ တစ်မျိုးသားလုံးကိုဦးဆောင်ပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်ကိုတော်လှန်ခဲ့ကြတဲ့ အစဉ်အလာရှိပါတယ်။ လွတ်လပ်ရေးရခါစ ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေအရ ပေါ်ပေါက်လာတဲ့ ဖ.ဆ.ပ.လ အစိုးရအာဏာရပါတီအတွင်း အချင်းချင်းပြိုကွဲလာပြီး အကြမ်းဖက်လက်နက်ကိုင်ဖြေရှင်းကြတော့မယ့် အခြေအနေဆိုးကြုံလာတယ့်အတွက် အရပ်ဖက်အစိုးရက တပ်မတော်ကို ၁၉၅၈

ခုနှစ် အိမ်စောင့်အစိုးရအဖြစ်အာဏာလွှဲခဲ့ရတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။ ၁၉၆၂ ခုနှစ်ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ပထစ(ပြည်ထောင်စု)အစိုးရလက်ထက်တွင်လည်း ဖက်ဒရယ်မူကို အကြောင်းပြုပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားချင်း ပြိုကွဲကုန်တော့မယ့်အခြေအနေကြုံလာပြန်တဲ့အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရပြန်တယ်။

၄။ နောက်ဆုံးမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ဆိုရှယ်လစ်အရပ်ဘက်အစိုးရလက်ထက်တွင် အကြပ်အတည်းပေါင်းစုံ ကြုံလာခဲ့ရပြီး ၁၉၈၈ ခုနှစ် အရေးခင်းကြီးပေါ်ပေါက်လာပြန်တယ်။ ဒီအရေးအခင်းကြီးတွင် သူတစ်လူငါတစ်မင်း မင်းမဲ့စရိုက်ဆိုးတွေ ကြီးစိုးလာပြီး ပြည်သူတွေကျိုးလန့်စာစားဘဝကို ကျရောက်နေရုံမက ပြည်ပစွက်ဖက်မှု အန္တရာယ်ကြုံလာရတဲ့အတွက် တပ်မတော် ကမလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာရပြန်ပါတယ်။ ဒီကနေ့ဆိုရင် တပ်မတော်အစိုးရရဲ့ဦးဆောင်မှုနဲ့ ပြည်သူတို့လိုလားတဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေပြီဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီထုံးတမ်းစဉ်လာ ရှင်သန်ထွန်းကားဖို့ အခြေခံလူမှုဘဝတွေ ကျင့်သားရပြည့်စုံမလာသေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရပ်ဘက်အစိုးရများနဲ့ အတွေ့အကြုံနည်းပါးမှု၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏတိုက်ပွဲပြင်းထန်မှုတို့ကြောင့် နိုင်ငံတော် ယိုယွင်းလာလိုက်၊ အမျိုးသားတပ်မတော်များက ဝင်ရောက်အာဏာသိမ်းရလိုက်၊ ကြုံတွေ့နေရတဲ့သံသရာမျိုး မဖြစ်ပေါ်စေရေး အတွက် ဒီကနေ့မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်ပါဝင်ရေးကို ဖော်ပြထားမှုဟာ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု စခန်းထောက်ရဲ့ လိုအပ်ချက်လည်းဖြစ်တယ်။ ဒီမိုကရေစီနိုင်ငံတော်ကို ပြည်သူလူထုကြီးရယ်၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများရယ်၊ တပ်မတော်ရယ်တို့ တစ်စိတ်တစ်ဝိုင်းတည်း လက်တွဲထူထောင်သွားဖို့ဖြစ်ပါတယ်။ ဘယ်အရာမှာမဆို အကြောင်းတရားကိုဖယ်ရှားနိုင်မှသာ အကျိုးဆက်တွေ ပျောက်ကွယ်သွားမယ်ဆိုတဲ့အတိုင်း အကြောင်းတရားဖြစ်တဲ့ နိုင်ငံတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးဝေဆာမှုတွေ ရှင်သန်လာပြီး ဒီမိုကရေစီထုံးတမ်းစဉ်လာ ကျင့်သားရလာတဲ့အချိန်ကျမှသာ တပ်မတော်ဟာ ကာကွယ်ရေး၊ စစ်ရေးတာဝန်ကို သီးခြားထမ်းဆောင်လာနိုင်မယ်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ထင်ရှားတဲ့ သာဓကတစ်ရပ်ကိုပြရမယ်ဆိုရင် ၁၉၇၀ ပြည့်လွန်ကာလတွေတုန်းက ဂျပန်မှာ အမျိုးသားရေးဝါဒီ စာရေးဆရာ မိရှီးမားဟာ ဂျပန်စစ်ဌာနချုပ်ရှေ့မှာ ဂျပန်စစ်ဘက်က အာဏာသိမ်းဖို့ပြောကြားရင်း သူ့ကိုယ်သူအဆုံးစီရင်ပြခဲ့တယ်။ ဂျပန်စစ်တပ်ဟာ တုတ်တုတ်မျှ မလှုပ်ခဲ့ဘူး။ ဘယ်လိုမျှ အာဏာသိမ်းမှုမပေါ်ပေါက်ခဲ့ဘူး။ ဘာကြောင့်လည်းဆိုတော့ ဂျပန်လူ့အဖွဲ့အစည်းဟာ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမဖွံ့ဖြိုးမှု၊ ခေတ်ကာလတွေကို ဝေးလံတဲ့အတိတ်မှာ ထားရစ်ခဲ့ပြီးဖြစ်လို့ပါပဲ။

ဒီမိုကရေစီစာအုပ်ရေးသားတဲ့ ဖာရိဒ်ဇကားရီးယားက လက်တွေ့အလုပ်ဖြစ်သော ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ရန် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ ကြာအောင် ကြိုးပမ်းအားထုတ်ခဲ့ရပြီး အရှေ့အာရှဒေသတွင် နှစ်ပေါင်း ၄၀ အချိန်ယူခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံဟာဖော်ပြခဲ့တဲ့ ဂျပန်နိုင်ငံလူ့အဖွဲ့အစည်းမျိုးရောက်ဖို့ လွန်စွာလိုအပ်နေသေးတဲ့ အတွက် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာမှာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်လက်တွဲပါဝင်ဖို့လိုတယ်။ ဒါမှသာ တပ်မတော်ကဝင်ရောက် အာဏာသိမ်းနေရတဲ့အဖြစ်မျိုးပပျောက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကို ငြိမ်းချမ်းချောမွေ့စွာ မလွဲကေန် အမှန်ပင်ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။

**ဗဟိုဦးစီးအဖွဲ့**
**ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု**
**၂၀၀၇ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့ ဗဟိုဦးစီးအဖွဲ့၏ သဘောထားရှင်းလင်းချက်**
**အခန်း (၁၀၁)၊ တိုက် (၁၈၀)၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဘုရားလမ်း၊**
**(၅) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၅၀၄၈၈၂**